# အသိပေးကြေညာချက်

၁။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ COVID-19 ကာလအတွင်း အပြည်ပြည်ဆိုင်ရာ သင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာသင်္ဘောသားများသည် စာချုပ်သက်တမ်းပြည့်ပြီးဖြစ်သော်လည်း မိခင်နိုင်ငံသို့ ပြန်နိုင်ခြင်းမရှိဘဲ သင်္ဘောပေါ်တွင် ဆက်လက်တာဝန်ထမ်းဆောင်လျက်ရှိရာ၊ အဆိုပါမြန်မာသင်္ဘောသားများအနေဖြင့် စင်ကာပူနိုင်ငံ၏ ကန့်သတ်ချက်အရ ကမ်းတက်ခွင့်ရရှိရန် အခက်အခဲရှိပြီး၊ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်းနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (C of I)အား လျှောက်ထားဆောင်ရွက်ရန် လိုအပ်ပါက အောက်ဖော်ပြပါအချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်၍ သက်ဆိုင်ရာ သင်္ဘောအေဂျင်စီများမှ ကိုယ်စားလှယ်တစ်ဦးအား မြန်မာသံရုံးသို့ စေလွှတ်၍ ကိုယ်စားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်(-)

(က) Appointment Letter နှင့် Application Form ၊

(ခ) (၆)လအတွင်း ရိုက်ကူးထားသော အဖြူရောင်နောက်ခံ ၁.၅"x၂" အရွယ် ဓါတ်ပုံ(၂)ပုံ၊

(ဂ) နိုင်ငံကူးလက်မှတ်စာအုပ် မူရင်းနှင့် မိတ္တူ (Photo page and Observations pages)

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)၊

(င) အိမ်ထောင်စုလူဦးရေစာရင်း (မိတ္တူ)၊

(စ) CDC (Original and Copy), Certificate of Completion on Basic Safety Training (4-Tickets)၊

(ဆ) သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်နေကြောင်း သင်္ဘောကပ္ပတိန်နှင့် သင်္ဘောအေဂျင်စီမှစာ၊

(ဇ) ကိုယ်စားလှယ်လွှဲအပ်ဆောင်ရွက်လိုကြောင်းစာ၊

၂။ COVID-19 ကာလအတွင်း နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်းအား ကိုယ်စားလှယ်လွှဲအပ်ဆောင်ရွက်ခွင့်ပြုရန် တင်ပြလျှောက်ထားခြင်းနှင့်ပတ်သက်၍ လိုအပ်ပါက နိုင်ငံသားမှန်ကန်မှုရှိ-မရှိကို ကောင်စစ်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ သံရုံးကောင်စစ်တာဝန်ခံအရာရှိမှ video call ဖြင့် တွေ့ဆုံမေးမြန်းမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာသံရုံး၊ စင်ကာပူမြို့
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်

# Updates on Passport Renewal for Myanmar National Seafarers on board the vessel during COVID-19 Period

The Myanmar Embassy in Singapore aware that Myanmar National Seafarers are working on board with contract overruns and facing some difficulties to renew their passports due to precautions and measures during COVID-19 pandemic period. For those with circumstances, the Embassy considers to allow the owners/managers/supervisors of marine services companies to apply the renewal of passport for Myanmar National seafarers on board the vessel on their behalf.

<u>Requirements</u>

1. Appointment Letter and Application Form
2. Two photos taken within 6 months (1.5x2 inch size)
3. Original and copy of Passport (Photo Page and Observations Pages)
4. National Identification Card (Copy)
5. Household Member List (Copy)
6. CDC (Original and Copy), Certificate of Completion on Basic Safety Training (4-Tickets)
7. Letter from Vessel Captain and Shipping Agency/Companies describing crew is on board the vessel
8. Authorization Letter from the Myanmar National Seafarer

With regard to renew the passport for those Myanmar National Seafarers on board the vessel, consular Officer will interview them via video call if necessary. Please note that Consular Officer reserves the right to request additional documents as necessary.

Myanmar Embassy, Singapore
30th July 2020